# ပြည်သူ့အင်အားပါတီ



## ပါတီ၏မူဝါဒ/လုပ်ငန်းစဉ်/ပါတီစည်းကမ်း

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | စာမျက်နှာ (၁) |
| ၂။ | အခန်း (၁)<br>မူဝါဒ/သဘောထား | စာမျက်နှာ (၁) မှ (၃)ထိ |
| ၃။ | အခန်း (၂)<br>အခြေခံမူများ | စာမျက်နှာ (၃) မှ (၄)ထိ |
| ၄။ | အခန်း (၃)<br>ပါတီဖွဲ့စည်းပုံ / ပါတီစည်းကမ်း | စာမျက်နှာ (၄) မှ (၆)ထိ |
| ၅။ | အခန်း (၄)<br>ပါတီအလံနှင့် ရင်ထိုးတံဆိပ်အဓိပ္ပါယ် | စာမျက်နှာ (၇) |
| ၆။ | အခန်း (၅)<br>အထွေထွေ | စာမျက်နှာ (၈) |

# ပြည်သူ့အင်အားပါတီဝင် မူဝါဒ/သဘောထားနှင့် ပါတီလုပ်ငန်းစည်းမျဉ်းဖွဲ့စည်းပုံ

၁။ နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရှေးယခင်ကတည်းကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ဘုရင် ကိုယ့်အရှင်နှင့်နေလာခဲ့သောတိုင်းပြည်ဖြစ်ပါသည်။ အခြားတိုင်းပြည်များရဲ့ အလယ်မှာထည်ဝါစွာနေလာခဲ့သောတိုင်းပြည်လည်းဖြစ်ပါသည်။ ဘာသာ သာသနာပေါင်းစုံ လူမျိုးပေါင်းစုံ မှီတင်းနေလာခဲ့သော တိုင်းပြည် ဖြစ်ပါသည်။

နယ်ချဲ့များ၏ လက်အောက်ကျွန်သဘောအဖြစ် ၁၈၈၅ ခုနှစ်မှစတင်ကာ ရောက်ရှိခဲ့ကြပြီး ကိုယ့်ထီးကိုယ့်နန်းပျောက်ကာ အမှောင်ဘဝကျရောက်ခဲ့ကြရပါသည်။ ၎င်းအခြေအနေကို မျက်ခြေမပြတ် စောင့်ကြည့်ကာ စိတ်အားထက်သန်သော မျိုးချစ်မြန်မာလူငယ်များက နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်များ ထက်သန်လာအောင် စည်းရုံးဆွဲဆောင်ကာ နယ်ချဲ့တော်လှန်ရေး နိုင်ငံရေးသမားကျောင်းသားလူငယ်များ ပေါ်ပေါက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးသန္ဓေစတင်တည်ခဲ့ကြသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများက ပူးပေါင်းလက်တွဲခဲ့ကြသည်။

သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဆန့်ကျင်ရေး၊ ဆက်ဆက်ဆန့်ကျင်ရေး များကို အမျိုးသားရေးဦးထိပ်ထားကာ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသားများပူးပေါင်းကာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် မြန်မာပြည်ကြီးလွတ်လပ်ရေးရကာ အချုပ်အခြာအာဏာပိုင် တိုင်းပြည်တစ်ပြည် ဖြစ်ပေါ်လာရန် ဆောင်ရွက်ခဲ့ကြသူများသည် အမျိုးသားနိုင်ငံရေးစိတ်ဓါတ်အပြည့်ရှိသူများ ဦးဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။

## အခန်း (၁)
## မူဝါဒ / သဘောထား

**ရည်ရွယ်ချက်**

၂။ ပြည်သူ့အင်အားပါတီသည် ပြည်သူများနှင့်အတူ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ ရရှိရေး ဖက်ဒရယ်စနစ်ဖော်ဆောင်ရေး ပြည်သူများ၏ စား/ဝတ်/နေ/ရေး ပြည့်စုံရေးအတွက် ဦးထိပ်ထား ဆောင်ရွက်ရန်။

**ပါတီဝင်မူဝါဒ**

၃။ ပြည်သူ့အင်အားပါတီသည် အောက်ပါမူဝါဒများကို ချမှတ်ဆောင်ရွက်ရန်အတွက် ပါတီအင်အား တောင့်တင်းနိုင်မာအောင် ဆောင်ရွက်သွားမည်။

(က) တန်းတူညီမျှမှုကို အခြေခံသော လောကပါလတရားများ ထွန်းကားရေးဆောင်ရွက်မည်။

(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေးဆောင်ရွက်မည်။

(ဂ) ပြည်သူများ စား/ဝတ်/နေ/ရေး အဆင်ပြေချောမွေ့စေရေးဆောင်ရွက်မည်။

(ဃ) ပါတီကို အခြေခံမှုစ၍ အဆင့်ဆင့်သောအဖွဲ့များဖွဲ့စည်းရာတွင် ပါတီဝင်ထုအားလုံး ပါဝင်သော ပါတီညီလာခံမှ ဖော်ဆောင်ပေးရမည်။

(င) အဖွဲ့အစည်းများဖွဲ့စည်းတာဝန်ပေးရာတွင်ပါတီတွင်းဒီမိုကရေစီစနစ်ကျင့်သုံးမည်။

(စ) ပါတီမှ ဆန္ဒ/သဘောထားတူညီသူများ အဖွဲ့အစည်းများနှင့် နည်းဗျူဟာအရ ပူးပေါင်းမည်။

(ဆ) ပါတီသည် ဆန္ဒ/သဘောထားမတူညီသော်လည်း ဘုံရည်မှန်းချက်တူညီသူများကို မဟာဗျူဟာအရ ပူးပေါင်းဆောင်ရွက်မည်။

(ဇ) ပါတီသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်မည်။

(ဈ) ဒို့တာဝန်အရေးသုံးပါးကို လိုက်နာဆောင်ရွက်သွားမည်။

**ပါတီ၏သဘောထား**

၄။ ကျွန်ုပ်တို့ပါတီ၏ သဘောထားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပြည်သူလူထုအပေါ် ညီမျှခြင်း၊ လွတ်လပ်ခြင်း၊ မျှတခြင်းများ ရရှိရေးအတွက် အမျိုးသားနိုင်ငံရေးကိုအခြေခံကာ ပြည်သူများရရှိခံစားနိုင်ရေး အလေးထားဆောင်ရွက်ပါမည်။

(ခ) ဒီမိုကရေစီနည်းကျသော အများဆန္ဒနှင့်အညီ ရရှိရေးအပြင် အနည်းစု၏ဆန္ဒကိုလည်း ပျက်ကွက်မပြုဘဲ လုပ်ဆောင်ရေးနှင့်လူသားတိုင်း ရရှိရမည့်အခွင့်အရေးများရရှိရေးအတွက် ပြည်သူလူထုနှင့်အတူ ကျွန်ုပ်တို့ပါတီမှ စွမ်းစွမ်းတမံ ဆောင်ရွက်ပါမည်။

(ဂ) ပြည်သူအများစုတွေ့ကြုံနေရသော မြေမဲ့ယာမဲ့မြေသိမ်းဆည်းခံရမှုများကို မျှတစွာဖြေရှင်းညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူနေမှုစနစ်တိုးတက် ကောင်းမွန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိစ္စများကို နည်းဗျူဟာ မဟာဗျူဟာများ ရေးဆွဲကာလက်တွေ့ကျသော ဖြေရှင်းနည်းများကို ဆောင်ရွက်သွားပါမည်။

(ဃ) ပါတီ၏လုပ်ငန်းတာဝန်ပေးအပ်ခွဲဝေမှု၊ ပါတီတာဝန်လုပ်ဆောင်ရန်တာဝန်ပေးအပ်မှုကို ပါတီ၏ရှေ့လုပ်ငန်းစဉ် မူဝါဒများ ချမှတ်ရန်ပါတီညီလာခံဖြင့် ဆောင်ရွက်ပါမည်။ ပါတီတွင်း ဆွေးနွေးညှိနှိုင်းပြီး တာဝန်ပေးအပ်မှု မူဝါဒချမှတ်မှုများအား ဆောင်ရွက်ပါမည်။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေအား လေးစားလိုက်နာသက်ဝင်ယုံကြည်ကြသဖြင့် မိမိတို့၏ ပါတီမူဝါဒများကို အခြေခံကာ ဖွဲ့စည်းထားသောပါတီများတွင် သဘောထားတူညီသော ပါတီ/အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

(စ) မူဝါဒကွဲပြားသော်လည်း ဘုံရည်မှန်းချက်တူညီသောပါတီများနှင့်လည်း မိတ်ဖက်ဆက်ဆံရေးဖြင့်ဆောင်ရွက်သွားပါမည်။

(ဆ) ပါတီသည် တိုင်းရင်းသားအားလုံးနှင့် တန်းတူရည်တူဆက်ဆံပြီး တိုင်းရင်းသားအချင်းချင်း ဥမကွဲသိုက်မပျက်နေထိုင်ရေးအတွက် စည်းရုံးရေးစွမ်းပကားများဖြင့် စည်းရုံးဆောင်ရွက်ပါမည်။

(ဇ) နိုင်ငံအတွင်း ကိုးကွယ်ယုံကြည်မှုအား မိမိတို့ကြိုက်နှစ်သက်သော ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ရမည်။ အခြားဘာသာများလည်း လက်ခံခွင့်ပြုရမည်။

(ဈ) နိုင်ငံအတွက် အရေးကြီးသော ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထားပြီး မကျိုးပေါက် မဖျက်ဆီးစေရန် ပါတီမှ အစွမ်းကုန်ထိန်းသိမ်းစောင့်ရှောက်သွားပါမည်။

၅။ ပါတီသည် ပါတီဝင်ထုတစ်ရပ်လုံးပါဝင်သော အားလုံးပါဝင်သော (All inclusive) ဖြစ်အောင်ဆောင်ရွက်ပါမည်။ ပါတီဝင်များ၏ စိတ်ဓါတ်တိုးတက်မြင့်မားရေးအတွက် စည်းရုံးရေးမှုကောင်းများဖြစ်အောင် အသင်းအဖွဲ့၏ စိတ်ဓါတ်များဖြစ်အောင် တာဝန်ပေးခြင်း/တာဝန်ယူခြင်း/ အပြစ်ပေးခြင်းများဖြင့် တည်ဆောက်သွားပါမည်။

## အခန်း (၂)

## အခြေခံမူများ

၆။ ပါတီသည် အောက်ဖော်ပြပါ အခြေခံမူ (၆)ချက်အား ချမှတ်ဆောင်ရွက်ရမည်။

(က) တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးရှိ လူမျိုးများကို ပါတီဝင်များအဖြစ်ပါဝင်ခွင့်ပြုရမည်။

(ခ) ပါတီညီလာခံအား တစ်နှစ်တစ်ကြိမ်ပုံမှန် မပျက်မကွက်ဆောင်ရွက်ရမည်။

(ဂ) ပါတီညီလာခံမှ ဗဟိုဦးစီးအဖွဲ့ဝင်များအား တိုင်းဒေသကြီး/ပြည်နယ်ခရိုင်/မြို့နယ် အလိုက် ရွေးချယ်တာဝန်ပေးမည်။

(ဃ) ဗဟိုဦးစီးအဖွဲ့ဝင်များထဲမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ တိုင်းဒေသကြီး/ပြည်နယ်–ခရိုင်/မြို့နယ်/ရပ်–ကျေး အလုပ်အမှုဆောင်ကော်မတီဝင်များအား ရွေးချယ်တာဝန်ပေးမည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်–ခရိုင်/မြို့နယ်/ရပ်–ကျေးအမှုဆောင်များ၏ သက်တမ်းအားနောက်တစ်ကြိမ် ပါတီညီလာခံကျင်းပသည့်အချိန်ကို သတ်မှတ်မည်။

(စ) အလုပ်အမှုဆောင်ကော်မတီဝင်များအတွက် အထောက်အကူပေးနိုင်ရန် သဘာပတိအဖွဲ့ (ကြီးကြပ်ရေးအဖွဲ့) ထားရှိမည်။

၇။ အခြေခံမူ (၆)ချက်အား မူတည်၍ အောက်ပါအတိုင်း သတ်မှတ်ချက်များထားရှိပါမည်-

**(က) ပါတီဝင်တစ်ဦး၏အရည်အချင်း**

(၁) အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(၂) နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရရှိသူဖြစ်ရမည်။ ✓

(၃) နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေပုဒ်မ (၆)အရ ကန့်သတ်ထားသူများမဖြစ်ရ။

(၄) အမျိုးသားနိုင်ငံရေးကို အမှန်တကယ်ဖော်ဆောင်လိုသော နိုင်ငံရေးစိတ်ဓါတ်ရှိသူများ။

**(ခ) ပါတီ၏လုပ်ငန်းဆောင်ရွက်မှု**

(၁) ပါတီညီလာခံမှစတင်ပြီး အလုပ်အမှုဆောင်အဆင့်ဆင့်ကို ရွေးချယ်ခြင်း/တာဝန်ပေးခြင်းဆောင်ရွက်ရန်။

(၂) ပါတီ၏စည်းကမ်းများ ချမှတ်ဆောင်ရွက်ရန်။

(၃) အလုပ်အမှုဆောင်အဖွဲ့များ၏ လုပ်ငန်းများဆောင်ရွက်မှုများအား ပါတီညီလာခံမှ ဆုံးဖြတ်ခြင်း/လမ်းညွှန်ခြင်း/ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်းဆောင်ရွက်ရမည်။

(၄) ပါတီတည်ထောင်သူများ ပါတီနိုင်ငံရေးအတွေ့အကြုံရှိသော အသက်အရွယ် ပညာအရည်အချင်းအရ လေးစားရသော ပုဂ္ဂိုလ်များအား သဘာပတိအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

## အခန်း (၃)
## ပါတီဖွဲ့စည်းပုံ / ပါတီစည်းကမ်း

၈။ ပြည်သူ့အင်အားပါတီသည် ကျစ်လစ်သောဖွဲ့စည်းမှု၊ ခိုင်မာသောရပ်တည်မှုအရ ပါတီအလုပ်အမှုဆောင်အဆင့်ဆင့်ကို အောက်ပါအတိုင်းဖွဲ့စည်းသွားပါမည်။

**(က) သဘာပတိအဖွဲ့**

(၁) အင်အား (၃)ဦးမှ (၅)ဦးအထိ

**(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

(၁) ဥက္ကဋ္ဌ

(၂) ဒုတိယဥက္ကဋ္ဌ

(၃) အတွင်းရေးမှူး

(၄) တွဲဘက်အတွင်းရေးမှူး (၁)

(၅) တွဲဘက်အတွင်းရေးမှူး (၂)

(၆) ဗဟိုအလုပ်အမှုဆောင် (စည်း/ထိမ်း) တာဝန်ခံ

(၇) ။ (ဘဏ္ဍာရေး) တာဝန်ခံ

(၈) ။ (ပညာ/ကျန်းမာရေး)တာဝန်ခံ

(၉) ။ (စီးပွား/လူမှု) တာဝန်ခံ

(၁၀) ။ (တိုင်းဒေသကြီး/ပြည်နယ်) တာဝန်ခံ

(၁၁) ။ ( ။ ) ။

(၁၂) ။ ( ။ ) ။

(၁၃) ။ ( ။ ) ။

(၁၄) ။ ( ။ ) ။

(၁၅) ။ ( ။ ) ။

(၁၆) ။ ( ။ ) ။

(ဂ) **တိုင်းဒေသကြီး/ပြည်နယ်အလုပ်အမှုဆောင်ကော်မတီ**

(၁) ဥက္ကဋ္ဌ

(၂) ဒု - ဥက္ကဋ္ဌ

(၃) အတွင်းရေးမှူး

(၄) တွဲဘက်အတွင်းရေးမှူး

(၅) တိုင်း/ပြည်နယ်အလုပ်အမှုဆောင် (၇)ယောက်

(ဃ) **ခရိုင်/မြို့နယ် အလုပ်အမှုဆောင်ကော်မတီ**

(၁) ဥက္ကဋ္ဌ

(၂) ဒု - ဥက္ကဋ္ဌ

(၃) အတွင်းရေးမှူး

(၄) အလုပ်အမှုဆောင် (၇)ဦး

(င) **ရပ်/ကျေး အလုပ်အမှုဆောင်**

(၁) ရပ်/ကျေး စည်းရုံးရေးမှူး (၁)

(၂) အမာခံပါတီဝင် (၉)ဦး

၉။ ပါတီသည် ပြည်သူအများနှင့်စုဖွဲ့တည်ထောင်ထားသဖြင့် အများလိုက်နာကျင့်သုံးနိုင်သော စည်းကမ်းများကို ချမှတ်ကျင့်သုံးသွားပါမည်။ အောက်ပါစည်းကမ်းချက် (၉)ချက်အား ပါတီဝင်အားလုံး လိုက်နာကျင့်သုံးစောင့်ထိမ်းရမည်။

(ဂ) ပါတီတာဝန်အရ ပေးထားသောနိုင်ငံရေးရာထူးအလိုက် အထက်/အောက် လေးစားစွာ လိုက်နာဆက်ဆံကြရမည်။

(ခ) ပါတီဝင်အချင်းချင်း အပြန်အလှန်လေးစားရမည်။

(ဂ) ပါတီတာဝန် (အစည်းအဝေးတက်ရောက်ခြင်း/စည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်/ ပါတီရုံးသို့လာရောက်ခြင်း) လုပ်ဆောင်စဉ် မူးယစ်ဆေးဝါး/အရက်သေစာသောက်စားခြင်း မပြုရ။

(ဃ) ပါတီဝတ်စုံ/ပါတီအမှတ်အသား တပ်ဆင်ထားသော ဝတ်စားဆင်ယင်ထားချိန်တွင် အများပြည်သူ အကြည်ညိုပျက်စေမည့်လုပ်ဆောင်ချက်များ ရှောင်ကြဉ်ရမည်။

(င) ပါတီတွင် စီးပွားရေးကိစ္စ/လူမှုရေးကိစ္စများရောယှက်ခြင်း၊ လုပ်ဆောင်ခြင်းမပြုရ။

(စ) ပါတီမှ ပါတီဝင်များအနေဖြင့် မိမိဆန္ဒအရ နှုတ်ထွက်နိုင်သည်။ (၃)လပြည့်ပါက ပါတီသို့ ပြန်လည်ဝင်ရောက်နိုင်သည်။

(ဆ) ပါတီဝင်များ နှုတ်ထွက်ခြင်း/ပါတီသို့တစ်ဖန်ပြန်လည်ဝင်ရောက်ခြင်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ရမည်။

(ဇ) ပါတီဝင်တစ်ဦးချင်းစီ၏ နှုတ်ထွက်မှုအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ပါတီဝင်၏ အခက်အခဲအား မေးမြန်းအတည်ပြုပြီးမှသာ ဆုံးဖြတ်ရမည်။

(ဈ) ပါတီပိုင်စီးပွားရေးလုပ်ငန်း လုပ်ဆောင်မည်ဆိုပါက အလုပ်အမှုဆောင်အဆင့်ဆင့်နှင့် ပါတီဝင်အများစု၏ဆန္ဒဖြင့်ဆောင်ရွက်မည်။ (သီးခြားထုတ်ပြန်ချက်/ကြေညာချက်)ဖြင့် ဆောင်ရွက်မည်။

(ည) ပါတီအား လာရောက်အကူအညီတောင်းခံသည့် ကိစ္စရပ်များအတွက် အလုပ်အမှုဆောင်အဖွဲ့၏ သီးခြားအမိန့်ထုတ်ပြန်သွားမည်။

၁၀။ ပါတီဝတ်စုံအား အောက်ပါအတိုင်းဝတ်ဆင်ရမည်။

(က) အမျိုးသား
- (၁) တိုက်ပုံ
- (၂) လည်တိုအင်္ကျီ(အဖြူရောင်)
- (၃) ပုဆိုး (ကချင်ပုဆိုး)

(ခ) အမျိုးသမီး
- (၁) အင်္ကျီရင်ဖုံး (အဖြူရောင်)
- (၂) ထဘီ (ကြက်သွေးရောင်)

# အခန်း (၄)

## ပါတီအလံ ရင်ထိုးတံဆိပ် အဓိပ္ပါယ်

၁။ ပါတီအလံအရွယ်အစား ။ ။ အလျား ၅ပေ x အနံ၃ပေ



၂။ ရင်ထိုးတံဆိပ်အရွယ်အစား ။ ။ အလျား ၂လက်မ x အနံ ၁လက်မ ၂စိတ်




၃။ ပါတီအလံနှင့် ရင်ထိုးတံဆိပ်အဓိပ္ပါယ်ဖွင့်ဆိုချက်

(က) အဖြူရောင်ကြယ်ကြီးသည် ဖြူစင်ခြင်းနှင့် မိမိတို့ရည်မှန်းချက် ရရှိအောင် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်လိုသော အဓိပ္ပါယ်ဖြစ်ပါသည်။

(ခ) အနီရောင်သည် ရဲရင့်ခြင်း/ပြတ်သားခြင်း/မဆုတ်မနစ်သော ဖွဲ့စိတ်ဓါတ်၏ အဓိပ္ပါယ်ဖြစ်ပါသည်။

(ဂ) မြန်မာနိုင်ငံမြေပုံမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော (၁၃၅)မျိုးသော တိုင်းရင်းသားများနေထိုင်ရာဒေသကို ဖော်ပြထားသောအဓိပ္ပါယ်ဖြစ်ပါသည်။

(ဃ) ရင်ထိုးတံဆိပ်တွင်ပါရှိသော "ပြည်သူ့အင်အား" ပါတီဆိုသည်မှာ ၁၃၅–မျိုးသော တိုင်းရင်းသားလူမျိုးများ၏ အင်အားနှင့်ပါတီ၏ရည်ရွယ်ချက်ရောက်ရှိရန် ဆောင်ရွက်မည့် ပါတီ၏အမည်ဖြစ်ပါသည်။

# အခန်း (၅)
# အထွေထွေ

၁။ ပါတီ၏နိုင်ငံရေးတာဝန်ယူထားသူများသည် ပါတီဝင်များအပေါ် ညီမျှခြင်း/လွတ်လပ်ခြင်း/မျှတခြင်းများဖြစ်သော လောကပါလတရားများထားရှိရမည်။

၂။ ပါတီဝင်များ၏အခက်အခဲများ သာရေး/နာရေး ကိစ္စရပ်များအား ပါတီဝင်အားလုံး၏ စုပေါင်း ကူညီမှုဖြင့် ဆောင်ရွက်သွားကြရမည်။

၃။ စည်းရုံးရေးကိစ္စရပ်များအတွက် ပါတီမူဝါဒ/သဘောထား/လမ်းညွှန်ချက်များအတိုင်း တိကျစွာ ဆောင်ရွက်ရမည်။

၄။ ပါတီဝင်တိုင်း ပါတီရုံးချုပ်သို့ပါတီကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်ရမည်။

၅။ ပါတီ၏နိုင်ငံရေးတာဝန်ယူထားသူများထံပါတီကိစ္စရပ်များကို ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၆။ ပါတီတာဝန်ဖြင့် စည်းရုံးရေးခရီးထွက်ခြင်း/ပြန်ရောက်ခြင်းများအား ပါတီဗဟိုဌာနချုပ်သို့ သတင်းပို့ရမည်။

နေရာ ။ ။ ရန်ကုန်မြို့ ။